Myanmar Red Cross Society

## အလုပ်လျှောက်လွှာခေါ်ယူခြင်း

| | | |
|---|---|---|
| **ရာထူးအမည်** | : | **ကွင်းဆင်းလက်ထောက်** |
| အရေအတွက် | : | (၁) ဦး |
| ဌာန | : | ကျန်းမာရေးဌာန |
| အစီရင်ခံတင်ပြမည့် | : | ကွင်းဆင်းကြီးကြပ်ရေးမှူးနှင့်လက်ထောက်စီမံကိန်းအရာရှိ |
| တာဝန်ကျရာနေရာ | : | မိုင်းကိုင် |
| အကျိုးခံစားခွင့်များ | : | လစာ + ကိုယ်ခန္ဓာထိခိုက်မှုနှင့် ရောဂါဘယအာမခံ + လုပ်ငန်းတွင်း သင်တန်းများ + ခရီးသွားစားရိတ် + ရှောင်တခင်ခွင့်+ ကူးစက်ရောဂါ ကာကွယ်ခွင့် + လုပ်သက်ခွင့်+ ဆေးလက်မှတ်ခံစားခွင့်+ မီးဖွားခွင့်+ အစားထိုးခံစားခွင့် |
| **လျှောက်လွှာပိတ်ရက်** | : | **၀၆.၀၅.၂၀၂၀ (၁၆:၃၀) နာရီ** |

**မြန်မာနိုင်ငံကြက်ခြေနီအသင်းသည်"လူထုအခြေပြုငှက်ဖျားရောဂါကာကွယ်ရေးစီမံကိန်း" ကို UNOPS/GF (ကမ္ဘာ့ရံပုံငွေ)ထောက်ပံ့မှုဖြင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင်၂၀၁၁ခုနှစ်မှ စတင်ကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိပါသည်။ ၂၀၁၁ ခုနှစ်တွင် ရွာပေါင်း ၃၀၀ မှ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ရွာပေါင်း ၁၀၀၀ အထိတိုးချဲ့ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၈-၂၀၂၀ တွင် UNOPS/GF RAI2E ရံပုံငွေဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း၊ မြို့နယ်ပေါင်း (၁၅) မြို့နယ်ရှိကျေးရွာပေါင်း (၈၀၀) တွင် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည်။ တာရှည်ခံဆေးစိမ် ခြင်ထောင်များအခမဲ့ဖြန့်ဝေခြင်း၊ ငှက်ဖျားသွေးဖောက်စစ်ဆေးကုသခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်းကို အဓိကစီမံကိန်းလုပ်ငန်းများအဖြစ် လုပ်ဆောင်လျက်ရှိပါသည်။ စီမံကိန်းလုပ်ငန်းများဆောင်ရွက် ရာတွင် အမျိုးသားငှက်ဖျားတိုက်ဖျက်ရေးစီမံကိန်း (NMCP) ၊ ပြည်နယ်ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့ (State VBDC Team)၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ သက်ဆိုင်ရာစီမံကိန်းဝင်မြို့နယ် ကျန်းမာရေးဦးစီးဌာန များနှင့် ပူးပေါင်းအကောင်အထည်ဖော်လုပ်ဆောင်လျက်ပြီး ကျေးရွာ၊ မြို့နယ်၊ ပြည်နယ်နှင့်ဗဟိုအဆင့်ဆင့် တွင်လည်း**

**"Person with disability are encouraged to apply this post as they will be given equal opportunity"**

**"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities members in our programs"**

*MRCS _UNOPS/GF RAI2E-Field Assistant for Health Department/ Malaria- 29/4//2020* (240)

သက်ဆိုင်ရာ stakeholder များနှင့်ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံရှိ ငှက်ဖျား ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ချမှတ်ထားသော အမျိုးသားမဟာဗျူဟာ စီမံကိန်း ၏ ရည်မှန်း ချက်များအား ပြည့်မှီစေရန် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တထောင့်တနေရာမှ ပါဝင်ဆောင်ရွက် နေခြင်းလည်းဖြစ်သည်။

**ကွင်းဆင်းလက်ထောက်လုပ်ငန်းတာဝန်များ**

(၁) စီမံကိန်းဝင်ကျေးရွာများရှိ လူထုအခြေပြုဘက်စုံစေတနာ့ဝန်ထမ်း(ငှက်ဖျား)လုပ်သားများ အလုပ်ခွင် သင်တန်းပေးခြင်း၊ လုပ်ငန်း ဆောင်ရွက်မှုများ ထိရောက်မှုရှိစေရန် ကြီးကြပ်ခြင်းများဆောင်ရွက်ရမည်။

(၂) စီမံကိန်းဝင်ကျေးရွာများတွင်တာရှည်ခံဆေးစိမ်ခြင်ထောင်များအခမဲ့ဖြန့်ဝေခြင်း၊ ငှက်ဖျားသွေးဖောက်စစ် ဆေးကုသခြင်း၊ ထိရောက်သောကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်းလုပ်ငန်းများ အား စီမံဆောင်ရွက်ရာ၌ လက်ထောက်စီမံချက်အရာရှိ (Assistant Programme Officer) နှင့် ကွင်းဆင်း ကြီးကြပ်ရေးမှူး (Field Supervisor) တို့အား ကူညီထောက်ပံ့ပေးရမည်ဖြစ်ပြီး၊ ကျေးရွာအဆင့်စီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုတိုင်းတွင် ပါဝင်ဆောင်ရွက်ရမည်။

(၃) တစ်လလျှင် တာဝန်ကျ စီမံကိန်းကျေးရွာအနည်းဆုံး (၁၅) ရွာသို့ အရည်အသွေးရှိပြီး ထိရောက် အကျိုး ရှိသည့် ကွင်းဆင်းကြီးကြပ်ခြင်းနှင့်စောင့်ကြည့်စစ်ဆေးခြင်း ခရီးစဉ်များသွားရောက်ပြီး ၊ စီမံကိန်း ကျေးရွာများရှိ ကြက်ခြေနီစေတနာ့လုပ်အားရှင်များ၏ ငှက်ဖျားသွေးဖောက်စစ်ဆေး ကုသမှုများ၊ ဆေးနှင့် ဆေးပစ္စည်းများ စီမံခန့်ခွဲမှု၊ အမြန်သွေးဖောက်စစ်ဆေးကိရိယာများ (RDT) နှင့် ငှက်ဖျား ဆေးများ စီမံခန့်ခွဲထိန်းသိမ်း ထားရှိမှု၊ လိုအပ်မှုစသည်တို့ကို ထိရောက်စွာ ကွင်းဆင်းကြီးကြပ် တာဝန်ယူ ဆောင်ရွက်ရမည်။

(၄) စီမံကိန်းကျေးရွာအသီးသီးရှိ ကြက်ခြေနီစေတနာ့လုပ်အားရှင်များသည် ငှက်ဖျားသွေးဖောက်စစ်ဆေး ကုသခြင်းလုပ်ငန်းအား ပုံမှန်ဆောင်ရွက်စေရန်နှင့် ထိုသို့ဆောင်ရွက်ရာတွင် သတ်မှတ်ထားသော လျာထားချက်များပြည့်မီစေရန် ၊ ကြက်ခြေနီစေတနာ့လုပ်အားရှင်များမှ ငှက်ဖျားပိုးတွေ့လူနာများအား ဆေးကုသရာတွင်လည်း အမျိုးသားငှက်ဖျားတိုက်ဖျက်ရေးစီမံကိန်းမှ သတ်မှတ်လမ်းညွှန်ထားသော (most updated treatment guideline) ဆေးကုသမှုအညွှန်းများအတိုင်း ထိရောက်မှန်ကန်စွာ ကုသနိုင်ရန် ကွင်းဆင်းလက်ထောက်အနေဖြင့် တာဝန်ယူ ကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်သည်။

(၅) လူထုအခြေပြုဘက်စုံစေတနာ့ဝန်ထမ်း(ငှက်ဖျား)လုပ်သားများသည် ငှက်ဖျားမဟုတ်သောအခြားသော ရောဂါများရှိသည့် သံသယရှိ လူနာများကိုရှာဖွေခြင်းများ၌ သော်လည်းကောင်း၊ နီးစပ်ရာကျန်းမာရေး

"Person with disability are encouraged to apply this post as they will be given equal opportunity"

"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities members in our programs"

ဌာနများသို့ သံသယရှိလူနာများကို ညွှန်းပို့ခြင်းများတွင်လည်းကောင်း ကွင်းဆင်းလက်ထောက်အနေဖြင့် ကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်သည်။

(၆) လူထုအခြေပြုဘက်စုံစေတနာ့ဝန်ထမ်း(ငှက်ဖျား)လုပ်သားများသည် စီမံကိန်းလုပ်ငန်းများတွင် စိတ်ပါဝင်စားစွာ ၊ တက်ကြွစွာလုပ်ငန်းဆောင်ရွက်နိုင်ရန်နှင့်၎င်းတို့၏ကျေးရွာတွင် ငှက်ဖျားသွေးဖောက်စစ်ဆေးကုသခြင်းလုပ်ငန်း အပါအဝင်အခြားစီမံကိန်း လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသော စိန်ခေါ်မှုများ၊ အခက်အခဲများ နှင့် အတားအဆီးများကို ဖော်ထုတ်ရှာဖွေဖြေ ရှင်းပေးရမည်ဖြစ်သည်။

(၇) လူထုအခြေပြုဘက်စုံစေတနာ့ဝန်ထမ်း(ငှက်ဖျား)လုပ်သားများထံမှ ငှက်ဖျားလချုပ်အစီရင်ခံစာများကို လစဉ်ပုံမှန်ရရှိရန် တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး ၎င်းတို့အားလုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်သော အကြံပြုချက်များနှင့် မွမ်းမံသင်တန်းများ ကိုလိုအပ်သလိုဆောင်ရွက်ပေးရမည် ဖြစ်သည်။

(၈) မိမိတာဝန်ယူထားသော စီမံကိန်းဝင်ကျေးရွာများရှိ လူထုအခြေပြုဘက်စုံစေတနာ့ဝန်ထမ်း(ငှက်ဖျား) လုပ်သားများ ရယူထား သောငှက်ဖျားလချုပ်အစီရင်ခံစာများအား မှန်ကန်ပြည့်စုံမှုရှိစေရန် သေချာစွာ စီစစ်ပြီး နောက်အဆိုပါကျေးရွာများ၏ ငှက်ဖျားဆေးကုသမှုအစီရင်ခံစာ အချုပ်အားသုံးသပ်ချက်များ နှင့် တကွ ကွင်းဆင်းကြီးကြပ်ရေးမှူးထံသို့ တင်ပြရမည်။

(၉) မိမိတို့တာဝန်ကျရာမြို့နယ်တွင်းတွင် အခါအားလျော်စွာဆောင်ရွက်မည့် နယ်လှည့်ငှက်ဖျားရောဂါ ရှာဖွေကုသခြင်းလုပ်ငန်း (township mobile team activity) တွင်လည်း အဖွဲ့ဝင်(team member) အဖြစ် မပြတ်မနေ တက်ကြွစွာပါဝင်ဆောင်ရွက်ရမည်။

(၁၀) စီမံကိန်းဝင်ကျေးရွာများသို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခြင်း သွားရောက်စဉ်အတွင်း လူထုအခြေပြုဘက်စုံ စေတနာ့ ဝန်ထမ်း(ငှက်ဖျား)လုပ်သားများ လစ်လပ်လျှင်သော်လည်းကောင်း၊ သွေးဖောက် စစ်ဆေးခြင်း လျှာထားချက်မပြည့်မီလျှင်သော်လည်းကောင်း၊ အဆိုပါကျေးရွာအတွင်း ငှက်ဖျားသံသယ လူနာများကို ရှာဖွေသွေးဖောက်စစ်ဆေးကုသခြင်းအား ကွင်းဆင်းလက်ထောက် မှ အလျှဉ်းသင့်သလိုတာဝန်ယူဆောင်ရွက် ရမည်ဖြစ်ပြီး ငှက်ဖျားလချုပ်များကို ကွင်းဆင်းကြီးကြပ်ရေးမှူးထံသို့ ပေးပို့ရမည်ဖြစ်သည်။

(၁၁) စီမံကိန်းဝင်ကျေးရွာများတွင် အမြန်ငှက်ဖျားသွေးစစ်ကိရိယာ(RDT)များနှင့် ငှက်ဖျားဆေးများ သက်တမ်းကုန်ဆုံးမှုအခြေအနေ၊ ဆေးနှင့်ဆေးပစ္စည်းများပြတ်လပ်မှုအခြေအနေအားစဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးနေရမည်ဖြစ်ပြီး ဆေးနှင့်ဆေးပစ္စည်းများ သက်တမ်းကုန်ဆုံးခြင်း၊ ပြတ်လပ်ခြင်းများ တတ်နိုင်သမျှ မဖြစ်စေရန်လိုအပ်သော စီမံခန့်ခွဲမှုများကို မပြတ်မနေ ဆောင်ရွက်ထားရမည်ဖြစ်သည်

**"Person with disability are encouraged to apply this post as they will be given equal opportunity"**

**"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities members in our programs"**

(၁၂) ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခြင်းသွားရောက်ခဲ့သောခရီးစဉ်တိုင်းအတွက်ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ချက်အစီရင်ခံစာများ၊ M&E checklist(ICMV checklist and Household checklist) များကို ကွင်းဆင်းကြီးကြပ်ရေးမှူး နှင့် လက်ထောက် စီမံချက်အရာရှိထံသို့ လစဉ်ပုံမှန်တင်ပြရမည်။

(၁၃) စီမံကိန်းနှင့်ပတ်သက်သောသတင်းအချက်အလက်များ၊အကျိုးခံစားသူပြည်သူလူထုထံမှ ပြန်လည်တုံ့ပြန်မှုများ ကို စုဆောင်း၍ သုံးသပ်ထားသောအစီရင်ခံစာအား ကွင်းဆင်းကြီးကြပ်ရေးမှူးထံ (၂) ပတ်တစ်ကြိမ် အစီရင်ခံစာတင်ပြရမည်ဖြစ်ပြီး လစဉ်လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာများကို ကွင်းဆင်းကြီးကြပ်ရေးမှူးနှင့် လက်ထောက်စီမံချက်အရာရှိ (Assistant Programme Officer) ထံသို့ လစဉ် ၊ ပုံမှန်သတ်မှတ်ထားသော အချိန်အတိုင်းပေးပို့ရမည်။

(၁၄) စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသအာဏာပိုင် အဖွဲ့အစည်းများ၊ စီမံကိန်းဝင်ကျေးရွာများရှိ တာဝန်ရှိသူများ၊ ရပ်ရွာခေါင်းဆောင်များ ၊ အခြားညှိနှိုင်းဆောင်ရွက်ရန်အဓိကကျသူများနှင့်ဆက်သွယ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ရမည်။

(၁၅) ဆေးနှင့်ဆေးပစ္စည်းများနှင့် စီမံကိန်းပိုင်ပစ္စည်းများအား စီမံခန့်ခွဲရာတွင်လည်းကောင်း၊ စီမံကိန်းလုပ်ငန်းနှင့် ပတ်သက်သောမှတ်တမ်းများ၊ အစီရင်ခံစာများနှင့် စာရွက်စာတမ်းများ အားလုံးကိုထိန်းသိမ်းရာတွင် လည်းကောင်း မြို့နယ်ကွင်းဆင်းကြီးကြပ်ရေးမှူအားကူညီထောက်ပံ့ပေးရမည်ဖြစ်သည်။

(၁၆) မြို့နယ်စီမံကိန်းရုံး၏ နေ့စဉ်ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် ကွင်းဆင်းကြီးကြပ်ရေးမှူးအား ကူညီဆောင်ရွက်ရမည်ဖြစ်ပြီး စီမံကိန်းမန်နေဂျာမှ (စီမံရေးရာ၊ ထောက်ပံ့ပို့ဆောင်ရေး၊ ငွေစာရင်း စသည်ဖြင့်) သီးသန့်သတ်မှတ် တာဝန်ပေးသော ရုံးလုပ်ငန်းအားလည်းတာဝန်ယူ ဆောင်ရွက်ရမည်ဖြစ်သည်။

(၁၇) လစဉ်လုပ်ငန်းဆောင်ရွက်ထားသော အသုံးစရိတ်များနှင့်သက်ဆိုင်သောအထောက်အထား၊ ပြေစာ၊ ဘောက်ချာ၊ စာရွက်စာတမ်းအားလုံးအပါအဝင်လုပ်ငန်းကြိုတင်ငွေနှင့်လုပ်ငန်း အသုံးစရိတ် ငွေစာရင်းရှင်းတမ်းအား ကွင်းဆင်းကြီးကြပ်ရေးမှူး နှင့် ဘဏ္ဍာရေးလက်ထောက် (Finance Assistant) ထံသို့သတ်မှတ်ထားသော အချိန်အတိုင်း ပြည့်စုံစွာ အချိန်မှီပေးပို့ရမည်။

(၁၈) ကြီးကြပ်သူအဆင့်ဆင့်မှအခါအားလျော်စွာပေးအပ်သောစီမံကိန်းနှင့်ပတ်သက်သည့်လုပ်ငန်းတာဝန်များကိုလည်းဆောင်ရွက်ရမည်ဖြစ်သည်။

**လိုအပ်သောအရည်အချင်းများ –**

- **မြန်မာနိုင်ငံသားဖြစ်ရမည်။**
- **အသက် ၅၀ နှစ် အောက်ဖြစ်ရမည်။**

**"Person with disability are encouraged to apply this post as they will be given equal opportunity"**

**"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities members in our programs"**

- အနည်းဆုံးအခြေခံပညာအထက်တန်းအထိတက်ရောက်ဖူးသူဖြစ်ရမည်။
- ပြည်တွင်း/ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (သို့မဟုတ်) မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့တွင် စီမံကိန်းနှင့်ဆက်စပ်သော လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၁) နှစ် ရှိရမည်။
- အခက်အခဲ/ ဖိအားများသော အလုပ်များကို အမှီအခိုကင်းစွာ ဆောင်ရွက်နိုင်ရမည်။
- အဖွဲ့အစည်းနှင့်သော်လည်းကောင်း၊ တစ်ဦးချင်းသော်လည်းကောင်း ဆက်သွယ်ဆောင်ရွက်မှု အရည်အချင်းနှင့် စီမံကိန်းအဖွဲ့အတွင်းတွင်လည်း လုပ်ဖော်ကိုင်ဘက်များနှင့် ညှိနှိုင်းပူးပေါင်းလုပ်ကိုင်နိုင်ရမည်။
- **(ရှမ်း၊ ပအိုဝ့် စသည်ဖြင့်) ဒေသခံဘာသာစကားကောင်းစွာတတ်ကျွမ်းသူ ဦးစားပေးမည်။**
- သက်ဆိုင်ရာအလုပ်လျှောက်ထားသောမြို့နယ်၏ ဒေသခံဝန်ထမ်းများ ဦးစားပေးမည်။
- သွားလာရန်ခက်ခဲသောဒေသများ/ဝေးလံခေါင်ဖျားဒေသများသို့ ခရီးသွားလာနိုင်ပြီး/သွားလိုပြီး လိုအပ်ပါက ရုံးချိန် ပြင်ပတွင်လည်း လုပ်ကိုင်နိုင်သူ/လုပ်ကိုင်လိုသူ ဖြစ်ရမည်။
- **မော်တော်ဆိုင်ကယ်ကျွမ်းကျင်စွာမောင်းနှင်နိုင်ပြီး ယာဉ်မောင်းလိုင်စင်ရှိရမည်။**
- အင်္ဂလိပ်ဘာသာ အခြေခံ ဗဟုသုတ ရှိလျှင်ပိုကောင်းသည်။
- ကြက်ခြေနီစေတနာလုပ်အားရှင်များလည်းလျှောက်ထားနိုင်သည်။

**စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်နှင့်အတူ လိုအပ်သောအထောက်အထား မိတ္တူ/PDF Version ဖြင့်-**

| | |
|---|---|
| **နေပြည်တော်ရုံးချုပ်** | **စီမံကိန်းရုံး** |
| **မြန်မာနိုင်ငံကြက်ခြေနီအသင်း** | **မြန်မာနိုင်ငံကြက်ခြေနီအသင်း** |
| **ရာဇသင်္ဂဟလမ်းမကြီး၊ ဒက္ခိဏသီရိမြို့၊** | **အမှတ်၊(၂၂/၄)ရေအေးကွင်းရပ်ကွက်၊ရက်ကန်း** |
| **နေပြည်တော်။** | **ကျောင်းလမ်း ၊(အရှေ့ မြို့ပတ်လမ်း) တောင်ကြီးမြို့။** |

**Email: mrcshr.tgi@gmail.com**

အသေးစိတ်အချက်အလက် များအား www.redcross.org.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**လူတွေ့စစ်မေးခြင်း ရွေးချယ်ခံရသူကိုသာ အကြောင်းကြားမည်ဖြစ်ပါသည်။**

**"Person with disability are encouraged to apply this post as they will be given equal opportunity"**
**"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities members in our programs"**

*MRCS _UNOPS/GF RAI2E-Field Assistant for Health Department/ Malaria- 29/4//2020* (240)